# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃-၃-၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများတွင် ကျောင်းထောက်ပံ့ကြေးပေးဆောင်ရာ၌ ကျောင်းသားဦးရေအလိုက် ရရှိသော ထောက်ပံ့ကြေးပမာဏနှင့် သုံးစွဲရမည့် အကြောင်းအရာများကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ကျောင်းကျန်းမာရေးလုပ်ငန်းများ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းနှင့် ကျောင်း ကျန်းမာရေး သီတင်းပတ်ရောက်မှ ဆောင်ရွက်သည့်မျိုး မဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်က **"နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေ မဖြစ်ပေါ်စေရေးအတွက် ပို့ကုန် ဦးဆောင်သည့် တိုးတက်မှုပုံစံဖြင့် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်က **"ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း သိသာ ထင်ရှားစွာ ကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူအများအကျိုး ကျေးဇူး ဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်စရိတ်များ ကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းရေးတို့ကို အချိန်နှင့် တစ်ပြေးညီ စနစ်တကျ ကွပ်ကဲညှိနှိုင်း စီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရသို့ တင်သွင်းသည့်"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ပြည်တွင်း ရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။